နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

## ၂၀၁၇ ခုနှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ဘောဂဗေဒ** **ခွင့်ပြုချိန်(၃)နာရီ**

## အပိုင်း(က)
## မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ (၁၀ မှတ်)

၁။ သဘာဝသယံဇာတ အင်အားစုများတွင် ရာသီဥတုအခြေအနေ ပါဝင်သည်။

၂။ ငွေကြေး၏တန်ဖိုးသည် ကုန်စည်၏ဈေးနှုန်းပြောင်းလဲမှုနှင့်တိုက်ရိုက်ဆက်စပ်သည်။

၃။ ပိုငွေပြ ရသုံးမှန်းခြေငွေစာရင်းရှိခဲ့လျှင် တစ်နိုင်ငံလုံး၏ ဝယ်လိုအားတိုးလာမည်။

၄။ ဝယ်လိုအားအလျော့အတင်းအပြည့်ရှိသောဝယ်လိုအားမျဉ်းကွေးသည်အလျားလိုက်ဝင်ရိုးနှင့်အပြိုင် ဖြစ်သည်။

၅။ တိုင်းပြည်တစ်ပြည်၏ အရင်းအနှီးစတော့သည် ထိုလူအဖွဲ့အစည်း၏ အခြေခံအဆောက်အအုံ အားလုံး ကိုဆိုလိုသည်။

၆။ ကုန်ပစ္စည်းလက်ကျန်များကို အရှုံးခံရောင်းချခြင်းအား စုပုံရှင်းရောင်းချခြင်းဟုခေါ်သည်။

၇။ အနိမ့်ဆုံးသီးသန့်ငွေသားအချိုးနိမ့်လျှင်ဘဏ်များက ဖန်တီးပေးနိုင်သောဈေးငွေပမာဏများမည်။

၈။ နိုင်ငံ၏နယ်နမိတ်အတွင်း ထုတ်လုပ်မှုမှ ရရှိသောဝင်ငွေနှင့် နိုင်ငံသားများ ထုတ်လုပ်မှုမှရရှိသော ဝင်ငွေမှာ အတူတူပင်ဖြစ်သည်။

၉။ ဝင်ငွေကွာဟမှုကို အခွန်စည်းကြပ်ခြင်းဖြင့် လျော့နည်းစေ၏။

၁၀။ စီးပွားရေးအင်အားကြီးနိုင်ငံများတွင်ဖြစ်ပေါ်သော စီးပွားရေးအတက်အကျသည် မူလထုတ်ကုန် တင်ပို့သောနိုင်ငံများ၏ သွင်းကုန်ဝင်ငွေပေါ်သို့ အကျိုးသက်ရောက်မှုရှိသည်။

(ခ) အောက်ပါကွက်လပ်များတွင် ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ တိုင်းပြည်၏ငွေကြေးတစ်ယူနစ် နှင့် နိုင်ငံခြားငွေများလဲလှယ်နှုန်းတိုးမြှင့်သတ်မှတ်ခြင်းကို ______________ ဟုခေါ်သည်။

၂။ လူများအကြား၊ဒေသများအကြားနှင့် နိုင်ငံများအကြား ကုန်သွယ်မှုဖြစ်ပေါ်လာရခြင်းသည် ______________ ၏အကျိုးဆက်ကြောင့်ဖြစ်သည်။

၃။ စာသင်ကျောင်းများ၊ဆေးရုံများဆောက်လုပ်သောကုန်ကျစရိတ်သည်အစိုးရ၏ ______________ ဖြစ်သည်။

၄။ ထုတ်ကုန်တန်ဖိုးမှာ ______________ ပေါ်တွင်ထပ်ဆင့်တိုးလာသည့်ထုတ်လုပ်မှုတန်ဖိုးဖြစ်သည်။

၅။ နိုင်ငံတစ်နိုင်ငံ၏ အစိုးရသည် နိုင်ငံ၏ ______________ များကို နိုင်ငံအတွက် အကျိုးအများဆုံး ဖြစ်အောင် ရွေးချယ်ဆောင်ရွက်သည်။

[တစ်ဖက်သို့

(ဂ) အောက်ပါဖော်ပြချက်များအတွက်ပေးထားသောအဖြေ(က)(ခ)(ဂ)မှအဖြေမှန်ကိုအဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး ပြင်ပသို့ရွှေ့ပြောင်းခြင်းသည် (က) နိုင်ငံ၏စီးပွားရေးတိုးတက်ခြင်း (ခ) နိုင်ငံ၏စီးပွားရေးကျဆင်းခြင်း (ဂ)နိုင်ငံ၏စီးပွားရေးမပြောင်းလဲခြင်း ကြောင့်ဖြစ်သည်။

၂။ ပို့ကုန်တန်ဖိုးသည် သွင်းကုန်တန်ဖိုးထက် လျော့နည်းနေလျှင် (က)လိုငွေပြ (ခ)ပိုငွေပြ (ဂ)ဘက်ညီ ကုန်သွယ်မှုရှင်းတမ်းဟုခေါ်သည်။

၃။ နိုင်ငံခြားသို့ အသားတင်ပေးရသော ဝင်ငွေတန်ဖိုး(NIPA)သည် အနုတ်လက္ခဏာရှိပါက GNP တန်ဖိုးသည် GDP တန်ဖိုးထက် (က) များမည် (ခ) နည်းမည် (ဂ) အတူတူပင် ဖြစ်သည်။

၄။ ငွေကြေးလည်ပတ်မှုအရှိန် V သည် ၄ ဖြစ်ပြီး ငွေကြေးပမာဏကျပ်(၂၀)သန်း တိုးလာပါက အပေးအယူလုပ်ဆောင်မှုတန်ဖိုး R သည် (က) ကျပ် ၅ သန်း (ခ) ကျပ် ၁၀၀ သန်း (ဂ)ကျပ် ၈၀ သန်း ဖြစ်မည်။

၅။ စီးပွားရေးအဆောက်အအုံတွင် ဝယ်လိုအားတိုးပြီး ငွေဖောင်းပွမှု ဖြစ်ပေါ်နေပါက အစိုးရသည် (က) ဘက်ညီ (ခ) ပိုငွေပြ (ဂ) လိုငွေပြ ရသုံးမှန်းခြေ ငွေစာရင်း ရေးဆွဲရမည်။

၂။ အောက်ပါတို့အနက်မှ (၁၀ ခု) ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

| | | | |
|---|---|---|---|
| ၁။ | တည်ငြိမ်သောအားမျှခြေ | ၁၀။ | ဆန္ဒနှုန်းကိန်း |
| ၂။ | စနစ်တကျဖွဲ့စည်းထားသောငွေကြေးဈေးကွက် | ၁၁။ | တွဲဖက်ကုန်စည်များ |
| ၃။ | ထုတ်ကုန်ဈေးကွက် | ၁၂။ | ရောင်းလိုအားဇယား |
| ၄။ | ထပ်ဆင့်တိုးတန်ဖိုးခွန် | ၁၃။ | ပြည်သူ့ဘဏ္ဍာရေး |
| ၅။ | လူအရင်းအမြစ်အင်အားစု | ၁၄။ | သွယ်ဝိုက်ခွန် |
| ၆။ | ဝယ်လိုအားပြန့်ခြင်း | ၁၅။ | လုပ်သား၏ထုတ်လုပ်မှုစွမ်းအား |
| ၇။ | ဘဏ်တိုးနှုန်း | ၁၆။ | ဈေးနှုန်းမတည်ငြိမ်မှု |
| ၈။ | မမြင်နိုင်သောအမယ်များ | ၁၇။ | နိုင်ငံခြားငွေလဲနှုန်းပေါ်လစီ |
| ၉။ | ဝင်ငွေလည်ပတ်စီးဆင်းမှု | ၁၈။ | ပြည်ပငွေပေးငွေယူရှင်းတမ်း |

## အပိုင်း (ခ)
## နှစ်သက်ရာ မေးခွန်း (၃) ပုဒ်ဖြေဆိုပါ။

၃။(က) တိုင်းပြည်ဝင်ငွေစာရင်းအင်းများသည်တိုင်းပြည်၏စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်ကိုလေ့လာရာ၌ မည်သို့အသုံးဝင်ပုံကို ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ စုစုပေါင်းဝင်ငွေနှင့် အသားတင်ဝင်ငွေတို့၏သဘော

၂။ ဘဏ်များစတင်ပေါ်ပေါက်လာပုံ

၃။ သာမန်ရငွေ ရရှိရာ အဓိကဇစ်မြစ်များ

၄။ အခွန်စည်းကြပ်ခြင်း၏ အဓိကရည်မှန်းချက်နှင့် အခြေခံမူများ

၄။(က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း ဆိုသည်မှာအဘယ်နည်း။ ယင်းအလျော့အတင်းအမျိုးမျိုးတို့ကို ပုံများနှင့်တကွပြည့်စုံစွာရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ငွေကြေးပမာဏ (သို့) ငွေကြေးရောင်းလိုအား

၂။ ထိရောက်သောဝယ်လိုအား နှင့် တစ်ဦးချင်းဝယ်လိုအား

၃။ နိုင်ငံခြားမှလုပ်ငန်းများ၏ မမျှတသောယှဉ်ပြိုင်မှုကို ကြုံတွေ့ရခြင်း

၄။ အခွင့်အလမ်းစရိတ်သဘော

၅။(က) စီးပွားရေးအဆောက်အအုံ တည်ငြိမ်မှုရစေရန်အတွက် ရသုံးမှန်ခြေငွေစာရင်းဖြင့် မည်သို့ ဆောင်ရွက် သည်ကို ရှင်းလင်းပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ရောင်းလိုအားအလျော့အတင်းကိုပြဋ္ဌာန်းသည့်အချက်များ

၂။ ငွေကြေးဝယ်လိုအားနှင့်ငွေကြေးလှည့်ပတ်မှုအရှိန်

၃။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုပုံသဏ္ဍာန်

၄။ အကောက်ခွန်နှင့် နိုင်ငံခြားငွေထိန်းချုပ်ခြင်း

[တစ်ဖက်သို့

၆။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂) ခုကိုဖြေဆိုပါ။ (၁၀ x၂ မှတ်)

(က) အောက်ဖော်ပြပါဖြစ်ရပ်များ ကြောင့်သက်ဆိုင်ရာ ကုန်စည်ဈေးကွက်၏အားမျှခြေအပေါ် မည်သို့ အကျိုးသက်ရောက်စေမည်ကို ပုံများဆွဲ၍ သုံးသပ်ပါ။

၁။ စားသုံးသူ၏ဝင်ငွေတိုးလာခြင်းနှင့် ဖိနပ်ကုန်စည်ဈေးကွက်

၂။ အထွက်တိုးစပါးမျိုးသစ်များရရှိလာခြင်းနှင့် ဆန်ဈေးကွက်

(ခ) အောက်ပါဇယားတွင် ဖော်ပြထားသည့်အချက်များကိုအသုံးပြုပြီးကုန်စည် A အတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း နှင့် ဈေးနှုန်းအလျော့အတင်းများကို တွက်ချက်သုံးသပ်ပါ။

| A ကုန်စည် ဈေးနှုန်း(ကျပ်) | စားသုံးသူဝင်ငွေ (ကျပ်) | A ကုန်စည် ဝယ်ယူသည့်အရေအတွက် (ပိဿာ) |
|---|---|---|
| ၅၀၀ | ၁၀၀၀၀၀ | ၁၅၀၀ |
| ၅၅၀ | ၁၂၀၀၀၀ | ၁၂၀၀ |

(ဂ) နိုင်ငံတစ်နိုင်ငံ၏ နှစ်တစ်နှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

| အကြောင်းအရာ | ကျပ်သန်းပေါင်း |
|---|---|
| ကုန်ပစ္စည်း ထုတ်လုပ်မှု တန်ဖိုးစုစုပေါင်း | ၂၀၁၆၅၁ |
| ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်း | ၁၅၅၂၀၀ |
| ကုန်သွယ်မှုတန်ဖိုးစုစုပေါင်း | ၉၈၅၀၀ |
| သွယ်ဝိုက်ခွန် | ၄၂၂၅ |
| ထောက်ပံ့ကြေး | ၃၅၅၀ |
| နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | ၁၅၅၅၀ |
| ပြုန်းတီးမှုတန်ဖိုး | ၁၁၂၅ |

၁။ အဆိုပါနိုင်ငံ၏ GDP ၊ GNP ၊ နှင့် NNP တို့ကိုရှာပါ။

၂။ နိုင်ငံ၏လူဦးရေသည် (၅၆)သန်း ရှိပါက တစ်ဦးကျဝင်ငွေကိုရှာပါ။

---